ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

Email: teamseckscc@protonmail.com

## (၇၅) နှစ်မြောက် အထိမ်းအမှတ် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၉)ရက်

ယနေ့တွင်ကျရောက်သော ကရင်နီအမျိုးသားတို့၏ သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သည့် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ (၇၅)နှစ်ပြည့် အချိန်အခါသမယတွင် ကရင်နီအမျိုးသားခေါင်းဆောင်များ၊ တော်လှန်ရေးရဲဘော်များနှင့် ကရင်နီပြည်သူလူထုအားလုံးတို့အား ဘေးရန်အပေါင်းမှကင်းဝေးပြီး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

သီခြားလွတ်လပ်သော ကရင်နီပြည်ကို နယ်ချဲ့ ဖဆပလအစိုးရမှ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် အကြမ်းဖက်သောနည်းဖြင့် ကရင်နီပြည်၏ ကိုယ်ပိုင်ပြဌာန်းခွင့် အချုပ်အခြာအာဏာကို ထိပါးခြင်း၊ သယံဇာတများကို လုယူခြင်း၊ ကရင်နီအမျိုးသား ဝိသေသလက္ခဏာများကို ထိပါးခဲ့ခြင်းများကြောင့် ကရင်နီအမျိုးသားများမှ ပြန်လည်ခုခံတော်လှန်ခဲ့သည်မှာ ယနေ့တွင် (၇၅)နှစ်ပြည့်ပြီဖြစ်သည်။

ကရင်နီအမျိုးသားများသည် ကရင်နီပြည်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုများ၊ လူမျိုးဂုဏ်သိက္ခာနှင့်တကွ လွတ်လပ်မှု၊ တရားမျှတမှုအပြင် ကိုယ်ပိုင်ပြဌာန်းခွင့်များအတွက် နှစ်ပေါင်း(၇၅)နှစ်အကြာ ခုခံတော်လှန်ရင်း တော်လှန်ရေးခေါင်းဆောင်များ၊ ရဲဘော်များနှင့် ကရင်နီပြည်သူလူထုများသည် အသက်အိုးအိမ်စည်းစိမ်များစွာ ပေးဆပ်ခဲ့ရသည်များကို မိမိတို့ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီမှ အထူးလေးစား ဂုဏ်ပြုအပ်ပါသည်။

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ နိုင်ငံတော်အာဏာ မတရားသိမ်းယူခြင်းကို လက်မခံသည့် ဆန္ဒကျင်ဆန္ဒပြမှုများအား အကြမ်းဖက်ဖြိုခွဲမှုများကြောင့် စတင်ခဲ့သော နွေဦးတော်လှန်ရေးသည် ယခုအခါတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကြမ်းဖက်စစ်တပ်အား ခုခံတော်လှန်လျက်ရှိသကဲ့သို့ ကရင်နီအမျိုးသားများသည်လည်း တစ်နိုင်ငံလုံးနှင့်အတူ စစ်အာဏာရှင်ကို ခုခံတော်လှန် လျက်ရှိပါသည်။

ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ (၇၅)နှစ်ပြည့်သည့်တိုင် မပြီးဆုံးသေးသော စစ်အာဏာရှင် တော်လှန်ရေးကို ဆက်လက်လုပ်ဆောင်နေကြသော ကရင်နီအမျိုးသားခေါင်းဆောင်များ၊ ရဲဘော်များ၊ ပြည်သူလူထုအားလုံးနှင့်အတူ မိမိတို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ သည်လည်း စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းပြီး ကရင်နီအမျိုးသားတို့ လိုလားတောင်းတသော စစ်မှန်သောဖယ်ဒရယ်ဒီမိုကရေစီ ရရှိသည်အထိ ဆက်လက်ကြိုးပမ်း တော်လှန်သွားမည်ဖြစ်ကြောင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC)**